mgyee.com SAMPLE BOOK

# ဒဿနပညာရှင်တွေကရခြင်း


နေမျိုး

ကဗျာနှင့်
ကဗျာကဲ့သို့
သော
စာသားများ
(ရှင်းပြချက်များ
ပါဝင်သည်။)




mgyee.com

mgyoe.com SAMPLE BOOK



ဒဿသနပညာရှင်ရောက်ရှိခြင်း
( နေမျိုး )

9 782024 001072

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၀၇)

ပုံနှိပ်မှတ်တမ်း



# နေမျိုး

## ဒဿနပညာရှင် ရောက်ရှိခြင်း

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဇက်တင်ဘာလ

မျက်နှာဖုံးပန်းချီ ♦ နေမျိုး

အတွင်းဒီဇိုင်း ♦ ပိုင်နိုင်အောင်

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၆၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး
ဗိုလ်ချုပ်လမ်းနှင့် အနော်ရထာလမ်းကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

နေမျိုး
ဒဿနပညာရှင် ရောက်ရှိခြင်း/ နေမျိုး။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၁၀၄၊ ၁၃. ၂၀ စင်တီ × ၁၈. ၂၀ စင်တီ
(၁၀၇) ဒဿနပညာရှင် ရောက်ရှိခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

---

စာဖတ်ခြင်းကို အများကြီး အာရုံစိုက်ဖို့မလိုဘဲ အနည်းငယ်မျှသော စာသားများသာ ဖတ်ရှုရအောင် ကြံဆထားပါတယ်။ စာတစ်ပုဒ်ကို အနည်းဆုံး ပမာဏနဲ့ ဖော်ပြနိုင်အောင် ကြိုးစားခဲ့ပါတယ်။ ဘယ်လောက်နည်းနည်းလဲဆိုရင် စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ဟာ စာကြောင်းတစ်ကြောင်းမျှသာ။ နှစ်ကြောင်းမျှသာ။ စာကြောင်းအနည်းငယ်ကို ဖတ်ရှုပြီး အလဟဿမဖြစ်ဘဲ စာဖတ်သူရဲ့အသိဉာဏ် ဘဏ္ဍာတိုက်ထဲက ဒင်္ဂါးပြားတွေကို တချွမ်ချွမ်မြည်အောင် ရေတွက်နေသလို တစိမ့်စိမ့် စဉ်းစားပြီး ကျေကျေနပ်နပ်ခံစားရနိုင်အောင်လဲ အားထုတ်ထားပါတယ်။ ဒီလိုစာအုပ်မျိုးကို ရေးသားမိဖို့ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုလောက်ကတည်းက စိတ်ကူးခဲ့တာပါ။ တချို့သော ဝေါဟာရတွေကို အသုံးမပြုဘဲ ချန်ထားခဲ့ပါတယ်။ အထူးသဖြင့် စာဖတ်ခြင်းကို ငြီးငွေ့တတ်သူတွေအတွက် အဆင်ပြေအောင် ကြိုးစားကြည့်တာပါ။

■

နေမျိုး

(၆. ၁၀. ၂၀၂၀)

mgyoe.com

mgyoe.com SAMPLE BOOK

အသင့်ယူတတ်ရှိမှု

ကျွန်မတော့ မောင် ကိုယ်ဝန်ရှိနေပြီ ထင်တာပဲ။

♦

၁၅. ၆. ၂၀၂၀
ည ၈း၃၃ နာရီ

mgyoe.com

mgyoe.com


ရှင်းပြချက်။ ။ သင့်မှာ ဘာအလုပ်မှမရှိရင် ဇနီးဖြစ်သူကို တစ်ခုခုရှာကြံပြီး ချီးမွမ်းပါလို့ ရေးခဲ့ဖူးတယ်။ တစ်ဦးနဲ့တစ်ဦး အရှက်ကုန်ကြတာဟာ လင်မယားပါပဲ။ မောင် အန်လဲ အန်တယ်။ မအီမသာလဲ ဖြစ်နေတယ်။ ဟယ်. . . ဒါဆို သေချာပြီ မောင် ကိုယ်ဝန်ရှိနေပြီနဲ့ တူတယ်လို့ သူ့ခင်ပွန်းကို ပြောနေဟန် စိတ်ကူးမိပြီး အဲဒါကို အကျဉ်းချုံ့ ရေးထားတာပါ။ ❑

mgyoe.com

mgyoe.com SAMPLE BOOK

အကြပ်အတည်းကာလ

ငြိမ်သက်နေရုံမှတစ်ပါး အခြားမရှိ
ဆာလျှင် ဆန်ပြုတ်တစ်ပန်းကန် တောင်းသောက်ရုံသာ။

♦

၁၆. ၆. ၂၀၂၀
မွန်းလွဲ ၁း၅၂ နာရီ

mgyoe.com

mgyoe.com SAMPLE BOOK 

ရှင်းပြချက်။ ။ ဘာမှမတတ်နိုင်ဘူး။ အဖြစ်အပျက်တွေဟာ တစ်ခုပြီးတစ်ခု ဖြစ်ပျက်သွားတာ။ ပြီးတော့ အကြာကြီးငြိမ်သက်။ ဆန်ပြုတ်အိုးကလေး ပွက်လို့ ကျက်လာရင် တစ်ပန်းကန် ပေးစေချင်။

❑

mgyoe.com

mgyoe.com
SAMPLE BOOK

မျှော်လင့်ချက်

ပဲစေ့ကလေးက အညွှန့်အညှောက်ထွက်လာချိန်။

♦

၁၆. ၆. ၂၀၂၀
မွန်းလွဲ ၁း၅၄ နာရီ

mgyoe.com

mgyoe.com 

ရှင်းပြချက်။ ။ တရုတ်အာကာသယာဉ်က လကမ္ဘာပေါ် ကို ရောက်ရှိသွားပြီး စူးစမ်းလေ့လာမှုတွေ ပြုလုပ်နေတယ်။ ကမ္ဘာမြေက ယူဆောင်သွားတဲ့ ဝါစေ့ကလေးကို လကမ္ဘာပေါ် မှာ စိုက်ပျိုးတယ်။ ဝါစေ့ကလေးက အထူးပြုလုပ်ထားတဲ့ ဖန်ပေါင်းချောင်ထဲမှာ ဝါပင်ကလေး ပေါက်လာတယ်။ ဘယ်လောက်ကျေနပ်ဖို့ ကောင်းသလဲ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# သချိုင်း

ငါ့ အိမ်ကို ရောက်အောင်ပြန်နေတာ

♦

၂၁. ၆. ၂၀၂၀
နံနက် ၁၁း၂၀ နာရီ

mgyoe.com

mgyoe.com
SAMPLE BOOK


ရှင်းပြချက်။ ။ ကျွန်တော်သွားရမယ့် နေရာတစ်ခု။ ကျွန်တော် မကြောက်ပါဘူး။ တင်မိုးရဲ့ သချိုင်းကုန်းမှာ ကိုယ် ငယ်စဉ်က ဖတ်ခဲ့ဖူးတယ်။ ကျွန်တော်တို့မြို့က သချိုင်းမှာ ကျောက်တုံးကြီးတွေ ရှိတယ်။ အဲဒီကျောက်တုံးကြီးတွေမှာ သေလွန်သူတို့ရဲ့ ဝိညာဉ်အညိုတွေတက်လို့ အဲဒီ ကျောက်တုံးကြီးတစ်ခုအနားမှာ ကျွန်တော် အတော်ကြာအောင် ရပ်နေခဲ့ဖူးတယ်။ အိမ်ကို ရောက်အောင်ပြန်နေတာပါ။

❑

mgyoe.com

mgyoe.com
SAMPLE BOOK

# စာမျက်နှာ - ၁၉

အစက်ကလေးတစ်စက် ချလိုက်တဲ့နေရာ။

♦

၂၁. ၆. ၂၀၂၀
ညနေ ၆း၁၀ နာရီ

mgyoe.com

mgyoe.com
SAMPLE BOOK


ရှင်းပြချက်။ ။ ကျွန်တော် ပန်းချီကျောင်းတက်ရောက်နေစဉ် ၁၉၈၀ ပြည့်နှစ်များပေ့ါ။ ဆရာတွေက ကျွန်တော့်ကို အထင်ကြီးကြတယ်။ နောက်တော့ ကျွန်တော်ဟာ သူတို့ထင်သလိုမဟုတ်ဘဲ စာရေးဆရာတစ်ယောက်သွားဖြစ်တယ်။ ဒါပေမဲ့ အခုတော့ တစ်နေ့ကပဲ ကျွန်တော့်ပန်းချီကား (ဈေးမကြီး)ကို အဝေးကနေ လှမ်းဝယ်တယ်။ စရံငွေပို့ပေးတယ်။ အစက်ကလေးတစ်စက်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

ပျော်ရွှင်ခဲ့ဖူးပုံအချို့မှ ကောက်နုတ်ချက်

ဖယ်စိုင်း။

♦

၃၀. ၇. ၂၀၂၀
ညနေ

mgyoe.com

mgyoe.com



ရှင်းပြချက်။ ။ ဖယ်စိုင်းကို မြန်မြန်အသံထွက်ရင် ပန်ဆိုင်းနဲ့ရောသွားတယ်။ ပန်ဆိုင်းဆိုတာ တစ်ချိန်က ဗကပ ကြီးစိုးခဲ့တဲ့နေရာ၊ ကျွန်တော့်ဇနီးက မြောက်ပိုင်းရှမ်းပြည်နယ်က ရှမ်းမကြီးပါ။ ဖယ်စိုင်းဆိုတာ သူ့အမျိုးတွေ၊ သူ့ခင်မင်သူတွေကို ပြောတာ။ စိတ်ကူးနဲ့ တည်ဆောက်ထားတဲ့ ဇာတ်လမ်းပဒေသာ။ သူက ကျွန်တော့်အပေါ် ချစ်မြတ်နိုးမှု၊ စောင့်ရှောက်မှုကို ဖော်ပြတာလဲ ဖြစ်ပါတယ်။

❑

mgyoe.com

mgyoe.com
SAMPLE BOOK

ပုလင်း

ထွင်းဖောက်မြင်နေရ
ဘာမျှမရှိတယ်။

◆

၃၀. ၇. ၂၀၂၀
ည ၈း၂၃ နာရီ

mgyoe.com

mgyoe.com
SAMPLE BOOK


ရှင်းပြချက်။ ။ နတ္ထိပဲ။ ပုံရိပ်မျှသာပဲ။ မတည်မြဲခြင်းသဘောပဲ။ လူတို့အလိုအားဖြင့် ဖန်တီးပြုလုပ်မှုပဲ။ အဖြေရှိပြီးသား ပုစ္ဆာပဲ။ ဒြပ်ထုတစ်ခုရဲ့ ယာယီသဘောပဲ။ မိမိနှင့် ထပ်တူပဲ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

ဝဲသြဃ

ပိုးကောင်ပျံသန်းရာ
ရေတွင်းပျက်ကြီးအောက်ခြေမှာ
မည်းမှောင်လို့သာ။

♦

၃၁. ၇. ၂၀၂၀
နံနက် ၁၀း၅၉ နာရီ

mgyoe.com

mgyoe.com
SAMPLE BOOK


ရှင်းပြချက်။ ။ ဘယ်လောက်နက်မှန်းမသိတဲ့ တွင်းကြီး။ ခုန်ချလိုက်ရင်
ပျံ့သန်းနေတဲ့ ပိုးကောင်လေးအသွင်။ မျက်စိတစ်ဆုံး မှောင်
မိုက်လို့ပင်။ နက်ကြုတ်သော ဒွန္ဒယာကြီးထဲတွင်။
❑

mgyoe.com

mgyoe.com SAMPLE BOOK

ခဲတံတို

ငါ့ကို
အများကြီး ရေးပြစရာမလို။

♦

၃၁. ၇. ၂၀၂၀
၁. ၁၀. ၂၀၂၀
မွန်းတည့် ၁၂း၃၅ နာရီ

mgyoe.com

mgyoe.com



ရှင်းပြချက်။ ။ စာရေးမယ်ပေါ့။ ဟုတ်စ့။ ခဲတံက တိုလွန်းတယ်။ စာအုပ်က ထူလွန်းတယ်။ နို့ပေမယ့်ကွယ် မင်းအနေနဲ့ ငါ့ကို အများကြီး ရေးပြဖို့ မလိုအပ်တယ်။ မင်းကို ဖတ်ပြီးပြီကွယ်။ ❑

mgyoe.com

mgyoe.com SAMPLE BOOK

မုဆိုးမ

မိုးလည်း တိတ်ပြီ
ကလေးလည်း အိပ်ပျော်ပြီ
နဖူးပေါ် လက်တင်ရင်း သက်ပြင်းချပြန်လေပြီ။

♦

၃၁. ၇. ၂၀၂၀
နေ့ခင်း ၁း၁၈ နာရီ

mgyoe.com

mgyoe.com
SAMPLE BOOK


ရှင်းပြချက်။ ။ စာရေးသူက သူ့မုဆိုးမကို ဒီလိုလည်း စဉ်းစားခဲ့သေးတယ်။ ရှုပါ။ မိုးလည်းတိတ်ပြီ။ ကလေးလည်း အိပ်ပျော်ပြီ။ နောက်ဖေးတံခါးကို ထဖွင့်ပြီ လေလို့ ဒါပေမဲ့ စာရေးသူက သူ့စိတ်ကူး အဲဒါကို ပယ်ဖျက်တယ်။ သူ ဖော်ပြတဲ့ မုဆိုးမက စင်ကြယ်သော မုဆိုးမပါ။ ညအချိန် ကျွိ. . . ကနဲ နောက်ဖေးတံခါးဖွင့်သံကို နှစ်များစွာ မကြားရတာ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

ကုလားအုတ်တံဆိပ်ဘီယာ

သင့်ခန္ဓာကိုယ်ဟာ ငါ့အိမ်ယာ

♦

၃၁. ၇. ၂၀၂၀
ည ၁၀း၅၄ နာရီ

mgyoe.com

mgyoe.com
SAMPLE BOOK


ရှင်းပြချက်။ ။ အိမ်တစ်အိမ်မှာ အိမ်ရှင်ဆိုတာရှိတယ်။ အိမ်ကို ပိုင်ဆိုင်တာ အိမ်ရှင်ပါ။ ငါတို့ ခန္ဓာဟာ အိမ်နဲ့ပမာတူတယ်။ အဲဒီ ခန္ဓာအိမ်ကို ဘယ်သူက ပိုင်နေသလဲ။ ငါတို့အိမ်ဟာ တစ်ချိန်မှာ ယိုယွင်းလာမှာ။ ဟောင်းနွမ်းဆွေးမြေ့ကာ ယိမ်းယိုင်လို့လာမှာ။ ဗိုက်ပူနံကား မျက်တွင်းများကျလို့ နားထင်က ချိုင့်ဝင်၊ ဆံပင်တွေက ဖရိုဖရဲ၊ မျက်လုံးတွေက မွဲပေ့ါ။ အဲဒီအိမ်ဟာ ဘယ်သူက ပိုင်ဆိုင်တာလဲ။ ကုလားအုတ်တံဆိပ်ဘီယာ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

ဆိတ်ကျောင်းသား ဖြတ်သန်းသွားခြင်း

လမ်းတစ်လျှောက် ဆိတ်ချေးတုံးကလေးတွေ။

♦

၃. ၈. ၂၀၂၀
နံနက် ၁၁း၄၂ နာရီ

mgyoe.com

mgyoe.com
SAMPLE BOOK


ရှင်းပြချက်။ ။ မီးရထားသံလမ်းဘေး၊ လူသူအရောက်အပေါက်နည်းတဲ့ လမ်းကလေး။ မိုးနံ့ခြုံ ရှားစောင်းပင်၊ မြက်ရိုင်း၊ ဆူးဖြူပင်၊ ကျီးအာသီး၊ ကန္တာရပင်တွေ အဝေးက ခေါင်းတိုင်၊ မီးခိုး ကျဲကျဲအူလို့၊ လမ်းကလေးပေါ်မှာ ဆိတ်ချေးတုံးကလေး တွေ တွေ့ခဲ့တယ်။

❑

mgyoe.com